ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**

**ရုံးအမိန့်**

အမှတ်။ ၂၁ ။ ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ( ၁၉ ) ရက်

အကြောင်းအရာ။ **လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ် (၄၁) သို့ တက်ရောက်ခွင့်ရသူများစာရင်းထုတ်ပြန်ခြင်း**

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ် (၄၁) သို့ တက်ရောက်ခွင့်ရသူ (၈၈၄) ဦး၏ အမည်စာရင်းကို နောက်ဆက်တွဲပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ စာသင်ခန်းတွင်ဝင်ဆံ့သည့်လူဦးရေအကန့်အသတ်ကြောင့် နေပြည်တော်၌ဖွင့်လှစ်မည့်သင်တန်းသို့ နေပြည်တော်တွင်တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းများကို ဦးစားပေး တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။ အခြားဒေသမှနိုင်ငံ့ဝန်ထမ်းဖြစ်ပါက မိခင်ဌာနကနေပြည်တော်သို့ပြောင်းရွှေ့ပေးနိုင်မှုအရ လက်ခံမည်ဖြစ်ပါသည်။ ထို့အပြင်ရန်ကုန်တွင်တက်ရောက်လိုသည့် အခြားဒေသမှနိုင်ငံ့ဝန်ထမ်းကို မိခင်ဌာနက ရန်ကုန်သို့ပြောင်းရွှေ့ပေးနိုင်မှုအရ လက်ခံမည်ဖြစ်ပါသည်။

၃။ တက်ရောက်ခွင့်ရသူများသည် ၂၃-၃-၂၀၁၅ နေ့မှ ၁၀-၄-၂၀၁၅ နေ့အတွင်း အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းတွင် မှတ်ပုံတင်ကြေး ကျပ် ၃,၀၀၀၊ သင်တန်းကြေး ကျပ် ၂၅,၀၀၀ နှင့် လျှောက်လွှာကြေးကျပ် ၁၀၀၊ စုစုပေါင်းကျပ် ၂၈,၁၀၀ ကို ၁"x ၁" လိုင်စင်ဓာတ်ပုံ ၂ ပုံနှင့်အတူ တက်ရောက်ခွင့်ရသူကိုယ်တိုင်ပေးအပ်စာရင်းသွင်းရမည်။

၄။ သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်၊ စုစုပေါင်း နှစ် နှစ်ဖြစ်ပါသည်။ သင်တန်းကာလအတွင်း နုတ်ထွက်ပါက လျော်ကြေး ကျပ် ၃၀,၀၀၀ (ကျပ်သုံးသောင်းတိတိ) ပေးလျော်ရန် ကနဦးကတိခံဝန်ကို ကြိုတင်ချုပ်ဆိုရမည်ဖြစ်ပါသည်။ ကနဦးကတိခံဝန်ပုံစံများကို အထက် အပိုဒ် ၃ ပါ သင်တန်းကျောင်း ကြော်ငြာသင်ပုန်းတွင် ဖတ်ရှုနိုင်ပါသည်။

၅။ သင်တန်းချိန်မှာ ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၇း၀၀ နာရီမှ ၈း၅၀ နာရီအထိနှင့် စနေနေ့များတွင် နေ့စဉ် နံနက် ၇း၀၀ နာရီမှ ၁၁း၅၀ နာရီအထိဖြစ်သဖြင့် သင်တန်းချိန်ကို အတိအကျတက်ရောက်နိုင်ရပါမည်။ သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်းမပြည့်သူများကို စာမေးပွဲဖြေဆိုခွင့်မပြုပါ။

၆။ သင်တန်းကို ၁၁-၅-၂၀၁၅ နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက/၄၀၁ / ( ၁၃၇ /၂၀၁၅) ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ( ၁၉ ) ရက်

ဖြန့်ဝေခြင်း

ကြော်ငြာသင်ပုန်းများ

မိတ္တူ

ရုံးလက်ခံ/မျှော